Myanmar(Burma)

**လေးစားအပ်ပါသော စိတ်ပိုင်းဆိုင်ရာပညာရှင်သို့၊**

**ကျွန်ုပ်တို့မိသားစုထဲတွင်အရက်နှင့်ပတ်သက်၍ပြဿနာရှိနေပါသည်။ကျွန်ုပ်တို့မိသားစုဝင် တယောက်သည် ဖင်လန်နိုင်ငံသို့ရောက်ပြီးနောက်မှ အရက်ကိုစတင်အသုံးပြုလာသည်။ ဘီယာ ၂ပုလင်း ၃ပုလင်းသောက်ပြီးသည့်နောက်မကြာခဏမူးနေတတ်သည်။ ထိုအခါမျိုးတွင်ကလေးများ မကြားသင့်သည့် အရာများကိုစတင်ပြောတတ်သည်။စကားများပြီးမဆင်မခြင်နည်းမျိုးစုံဖြင့်အခြားသူများကိုလည်းဆက်ဆံ ပြုလုပ်သည်။အရက်သောက်ခြင်းကြောင့်လည်းငွေအကုန်အကျများသည်။အမူးပြေသောအခါ၊ ၄င်းအနေနှင့် နောင်တရပြီးပြန်တောင်းပန်သည်။ ဤအခြေအနေမျိုးသည်အားလုံးအတွက်ရှက်စရာဖြစ်ပြီး၊ ပြင်းထန်သောပူပင်သောကနာကျင်မှုကိုဖြစ်စေပါသည်။ဤကိစ္စကိုမည်ကဲ့သို့ဝင်ရောက်စွက်ဖက်၍ ဖြေရှင်းရ ပါမည်နည်း။**

**လက်မှတ်ထိုးထားသည့်အမည်။ စုပေါင်းရှက်နေသူများ။**

လေးစားအပ်ပါသော ကောင်းသောအမည်အမှတ်အသားပေးထားသူရှင့်၊

မိသားစုထဲတွင် အရက်သေစာပြဿနာရှိခြင်းမှာ အထူးသဖြင့် ကြီးထွားနေသည့် ကလေးများအတွက် ထိခိုက်တတ်သောအရာမျိုးဖြစ်သည်။ ကလေးများအနေနှင့် မူးနေသည့်မိသားစုနှင့်ပတ်သက်ပြီး ကြောက်ရွံ့၍ လုံခြုံမှု မရှိသကဲ့သို့ခံစားရသည်။ မူးသောအခါ လုပ်ပုံကိုင်ပုံပြောင်းလဲသွားမှုတို့သည် ကလေးများအတွက် သောက ဖြစ်စေပြီး၊ အဆိုးဝါးဆုံးမှာ၊ ရန်လိုစွာကျင့်ခြင်းနှင့် မဆင်မခြင်ပြုလုပ်ပြောဆိုခြင်းတို့ဖြစ်သည်။ ကလေးများ အနေနှင့်လည်း အကြိမ်ပေါင်းများစွာ ၄င်းတို့နှင့်မသက်ဆိုင်သည့်တာဝန်များကို ထမ်းဆောင်ရသည့်အဖြစ်မျိုး သို့ရောက်ရသည်။မိဘများ၏လုပ်ပုံကိုင်ပုံနှင့်ပတ်သက်ပြီး၊ ဥပမာအားဖြင့်ဤကိစ္စအပြင် လူများထံ ပေါက်ကြား သွားခြင်းသည် ကလေးများအနေနှင့် အလွန်ရှက်စရာကောင်းသည်ဟုခံစားရသည်။ ဤကိစ္စများအားလုံးသည် အချိန်ကြာမြင့်စွာဆက်တိုက်ဖြစ်ပေါ်နေပါက၊ ကလေးများအနေနှင့်မိမိကိုယ်မိမိယုံကြည်မှု၊ ပင်ကိုယ်စရိုက်လက္ခဏာများတွင်အမြဲတမ်းထိခိုက်မှု၊စသည်တို့ကိုကိုဖြစ်ပွါးစေနိုင်သည်။ ပထမအချက်အနေနှင့်ဤကဲ့သို့အရက်သေစာသောက်စားမှုမျိုးသည်ကလေးများရှိသောမိသားစုနှင့်မသင့်တော်ပေ။ ဒုတိယအချက်အနေနှင့်အရက်ဈေးကြီး သည်ဆိုသည်ကိုလူအများသိထားသည့်အတိုင်း မိသားစုအားလုံးအတွက်စီးပွါးရေးအရစားဝတ်နေရေးကုန်ကျစရိတ်ပို၍ကြီးမားစေသည်။ တတိယအချက်အနေနှင့်၊ဖြစ်နိုင်သည့်နည်းမှန်သမျှနှင့် ဤရှက်ဖွယ်ကောင်းသည့်ပြဿနာကိုဖုံးအုပ်ထားရသောကြောင့်မိသားစုအတွင်းငြိမ်သက်ခြင်းကို နည်းအမျိုးမျိုးဖြင့် ပြောင်းလဲစေသည်။ အခြားသူများအနေနှင့် ၄င်းပြုလုပ်သည့်အရာများကို ဖျောက်ပစ်နေ ရပြီးအရက်သမား၏ လုပ်ပုံကိုင်ပုံတို့ကို ရှင်းပြကြရသည်။ ဤကဲ့သို့ပြုလုပ်ပေးခြင်းသည် အရက်နှင့် ပတ်သက်သည့်ပြဿနာကိုထိန်းသိမ်းထားသကဲ့သို့သာဖြစ်ပြီး အရက်သမားကို ဆက်လက်သောက်ရန် အခွင့် ပေးနေသကဲ့သို့ဖြစ်သည်။ အရေးတကြီးဖြစ်သင့်သည်မှာ ဤအခြေအနေကို အားလုံးအဆုံးသပ်ပြစ်ရန်ဖြစ် သည်။

အရက်သမားကိုယ်တိုင် မိမိဖါသာအဖြစ်မှန်ကိုသိနားလည်ပါမှပြန်လည်ကောင်းလာနိုင်သည်။အခြားသူများအနေနှင့် ၄င်းနှင့်အတူတကွနေထိုင်ရခြင်းကို ငြီးငွေ့လာပြီး၊ ၄င်းတို့အနေနှင့် ၄င်းကိုယ်စားရှက်ခြင်းနှင့် အရက် သောက်ခြင်းကို ဖုံးကွယ်ပေးနေရခြင်းကိုအဆုံးသပ်ရန် အဆင်သင့်ဖြစ်နေသည်။ ဖြေရှင်းနိုင်ရန်အတွက် ဖြစ်နိုင်ခြေတရပ်မှာ၊ လူမှုဖူလုံရေးဝန်ထမ်း(ဆိုရှယ်)ထံသို့သွား၍အခြေအနေကိုတင်ပြပြီး၊ဤကိစ္စအတွက်စတင်စီစဉ်နိုင်သည်။သင်တို့အနေနှင့်တအိမ်တည်းတွင်ဆက်လက်၍ ၄င်းနှင့်အတူနေ နိုင်ပါသလား။ သို့မဟုတ်၊ မိသားစုထဲတွင် နောက်ထပ်ပြဿနာမပေါ်ပေါက်ရန်အတွက် အရက်ကိုသုံးစွဲနေသူ၊ မိသားစုဝင် အနေနှင့်အခြားတနေရာတွင်တွင်မိမိဖါသာပြောင်းရွှေ့နေထိုင်လျှင်ဖြစ်နိုင်မည်လား။ဤကိစ္စသည်ဆုံးဖြတ်ရန်ခက်ကောင်းခက်မည်ဖြစ်သော်လည်းအရက်သုံးစွဲနေသူအတွက်အသုံးဝင်၊အဓိပ္ပါယ်ရှိကောင်းရှိလိမ့်မည်။ ၄င်းအနေနှင့်အရက်သောက်ခြင်းကြောင့် အခြားသူများအတွက်မည်မျှအနှောင့်အယှက်ဖြစ်စေသည်ကိုစတင်တာဝန်ယူပြီးနားလည်ရမည်။ ဤလက်ရှိအခြေအနေမျိုးတွင်ကလေးများအနေနှင့် အများဆုံးခံစားရသည်။

အရက်စွဲနေသူအနေနှင့် ကုသလိုစိတ်ရှိခြင်းသည် ဒုတိယအရေးကြီးသည့်အရာဖြစ်သည်။ ကုသရန်အလိုရှိပါက၊ ပထမဦးစွာ ကျန်းမာရေးဌာနရှိ ဆရာဝန်ထံမှ ကြိုတင်အချိန်ယူပြီး အကြောင်းအရာအားလုံးကို ပြောပြပါ။ ၎င်း အနေနှင့် မိသားစုဝင်၏ ကုသမှုအတွက်အစီအစဉ်ကိုအကူအညီပေးနိုင်သည်။ဂျွန်ပ်တို့မြို့တွင်(Paihdepalvelusäätiö) ပိုက်(ဟ်)ဒဲ့ပါလ်ဗယ်လူစဲတီရိုခေါ် မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ဆောင်ရွက်ပေးသည့် အဖွဲ့အစည်းရှိသည်။ ထိုနေရာသို့ တိုက်ရိုက်သွားနိုင်သည်။ အရက်၊ ဆေးနှင့်မူးယစ်ဆေးဝါး သောက်သုံးသူများ၊ လောင်းကစားသူ များနှင့်တကွ ၎င်းတို့နှင့်ပတ်သက်သောဆွေမျိုးနီးစပ်သူများအား အခမဲ့ကုသပေး သည်။ ကုသမှုကို ဆရာဝန်၏ ပေးပို့စာမပါပဲ တောင်းခံနိုင်သည်။ သူနာပြုဆရာမများထံသို့ နေ့စဉ်ရုံးတက်ရက်များတွင် မနက် ၈နာရီမှ ၁၁နာရီအထိ ကြိုတင်အချိန်မယူပဲ သွားရောက်နိုင်သည်။ လိပ်စာမှာ A-poliklinikka, Jyväskylän Seudun Päihdepalvelusäätiö, Keskussairaalantie 20, 40620 Jyväskylä ဖြစ်သည်။ ဖုံးနံပါတ်မှာ ၀၁၄ ၆၂၃ ၉၇၄ဖြစ်သည်။ အခြားအချိန်များတွင် သွားရောက်လိုပါက၊ ပြင်ပလူနာဌာနသို့ အချိန် ကြိုတင်ယူရသည်။

အကယ်၍ မိသားစုထဲတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ပြဿနာရှိခဲ့သော် palveluyksikkö Point ဟုခေါ် သည့်ဌာနမှ အကူအညီတောင်းခံနိုင်သည်။နေ့စဉ်ရုံးတက်ရက်များတွင်မနက်၁၀နာရီမှနေ့လည် ၁နာရီအထိ ဖွင့်သည်။ ဖွင့်သည့်အချိန်များတွင် ဆရာဝန်ပေးပို့သည့် စာဖြင့်၎င်း၊ မိမိဖါသာလိုအပ်၍ စတင်ကုသမှုခံယူလို၍ ၎င်း၊ကြိုတင်အချိန်မယူပဲသွားနိုင်သည်။ အချိန်ကြိုတင်မယူပဲသွားနိုင်သည့်နေ့ခင်းဖက်ဖွင့်လှစ်သည့်ဌာနများတွင်၊ဆောင်ရွက်ပေးရန်နှင့်ကုသပေးရန် မည်မျှလိုကြောင်းကို ခန့်မှန်းပြီး၊ကုသရန်အတွက်ကြိုတင်အချိန်ယူပေးခြင်း၊ကုသခံရမည့်နေရာသို့ပို့ဆောင်ပေးခြင်း၊နားအပ်စိုက်ခြင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သောစမ်းသပ်မှုများကို ပြုလုပ်ပေးခြင်း သာမက မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် နီးကပ်စွာနေထိုင်သူများကို မည်ကဲ့သို့လုပ်ကိုင်ဆောင်ရွက်ရမည်ကို ပြောဆိုပြီး လမ်းညွှန်မှုပေးသည်။ နေ့အချိန်တွင် ဆက်နိုင်သည့်ဖုံးနံပါတ်မှာ ၀၁၄ ၆၂၃၉၇၅၊ အထက်ဖေါ်ပြပါ လိပ်စာနှင့် တနေရာထဲတွင်ရှိသည်။ တနည်းအားဖြင့် Keskussairaalantie 20, palveluyksikkö Pointissa တွင် သူနာပြု ဆရာ/ဆရာမ (သို့)လူမှုဖူလုံရေးဝန်ထမ်းတို့အနေနှင့် လမ်းညွှန်မှုနှင့် ညွှန်ကြားမှုကို အလုပ်လုပ်သည့် ရက်များတွင် ဖုံးဖြင့်လည်း ပြုလုပ်ပေးသည်။

အကြောင်းအမျိုးမျိုးကြောင့်အရက်ကိုသုံးစွဲလာနိုင်သည်။တခါတရံစိတ်ဓာတ်ကျခြင်း၊ သို့မဟုတ်ဒုက္ခသည်အနေနှင့်ခက်ခဲသည့် အကြမ်းဖက်မှုခံခဲ့ရမှုများရှိခဲ့ခြင်းကြောင့်လည်းအရက်သောက်ခြင်းအားဖြင့်အလွယ်တကူထွက်ပေါက်ရှာသည့် အဖြစ်မျိုးသို့ရောက်ရသည်။သက်သာရာရခြင်းသည်ခေတ္တခဏသာဖြစ်ပြီး၎င်းနောက်ပိုင်းတွင်ယှ္ခင်ကထက်ပို၍နေရထိုင်ရခက်သည်။ စိတ်ဓာတ်ကျ ခြင်းသည် ပို၍နက်ရှိုင်းလာပြီး၊ ကြာကြာသောက်လေတစတစပို၍အရက်ကိုလိုလာလေဖြစ်သည်။ အများအားဖြင့် ဤပြဿနာ ၂ခုသည် တချိန်တည်းပြိုင်တူပေါ်ထွက်လာသည်။အကယ်၍အရက်သောက်သည့်ပြဿနာမှာဆိုးရွားသည့်အခြေအနေမျိုးတွင်ဖြစ်နေပြီဆိုပါက အရက်ဖြတ်ရန်အတွက်လိုအပ်ပါက၊ သွားရောက်နေထိုင်၍ကုသရသည့်ဌါမျိုးတွင်သွားရောက်ကုသမှုခံယူရန်လည်းဖြစ်နိုင်ခြေရှိသည်။ ဤကဲ့သို့ သွားရောက်လိုပါက၊ ဆရာဝန်ပေးသည့် ပေးပို့စာကို လိုအပ်သည်။ ကုသရန်နှင့် အကူအညီတောင်းရန်အတွက် အချိန်ဆွဲ၍ မနေသင့်ပါ။

Käännös: Keski-Suomen tulkkikeskus